# For Those Seeking The Truth & Dynamic Living

သမ္မာတရားနှင့် ကြွယ်ဝသော အသက်တာရှာဖွယ်သူအတွက် ခရစ်တော်သည် အောင်နိုင်သူဖြစ်သည်။

# Christ is Victor

# (ခရစ်တော်၌ ကြွယ်ဝချမ်းသာခြင်း)

သမ္မာတရားနှင့် ကြွယ်ဝသော အသက်တာရှာဖွယ်သူအတွက် ခရစ်တော်သည် အောင်နိုင်သူဖြစ်သည်။

***July/August, 2009***

## "ကြောက်ရွံ့ခြင်း၏ ဝိညာဉ်နှင့် သားဖြစ်ခြင်း၏ဝိညာဉ်"

## The "Sprit of Fear" Vs. the (Spirit of Adoption)

"အကြောင်းမူကား သင်တို့သည် တဖန်ကြောက်ရွံ့တတ်သော ကျွန်၏သဘောကို ရကြသည်မဟုတ် **အဗ္ဗအဘ** ဟု ခေါ်ရသော အခွင့်နှင့် သားဖြစ်ခြင်း၏ သဘောကို ရကြပြီ။" (ရောမ ၈း၁၅)

သင်သည် ဘယ်အရာမျိုးဝိညာဉ်ကို လက်ခံရရှိသနည်း? ကြောက်ရွံ့တတ်သောကျွန်၏ ဝိညာဉ် (သို့) သားဖြစ်ခြင်း၏ ကျွန်ရရှိသနည်း? ကြောက်ရွံ့တတ်သောကျွန်၏ ဝိညာဉ်သည် လူသားကို ပြန်လည်ဖမ်းဆီးရန်ကြိုးစားခဲ့သည်။ ရှင်ပေါလုသည် ဤကျွန်ဘဝမှ လွတ်မြောက်နိုင်ရန် အမြဲတိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ သားဖြစ်ခြင်းဝိညာဉ်၏ ကျွန်သည် ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည်အကြောင်း၊ ထိုသခင်နှင့်ဆက်ဆံသော အမွေခံလည်းဖြစ်ကြ၏။ ဤသားဖြစ်ခြင်း၏ ကျွန်သည် **"အဗ္ဗအဘ"**ဟုခေါ်ရသောအခွင့်ရရှိစေသည်။

ထိုမှအနည်းငယ်လွန်ပြန်လျှင် မြေပေါ်မှ ပြပ်ဝပ်၍ အိုအဘ ခမည်းတော်ကိုယ်တော်သည် အလုံးစုံတို့ကို တတ်နိုင်တော်မူ၏။ ဤခွက်ကို အကျွန်ုပ်မှ လွှဲတော်မူပါ။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနဲ့။ ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေသောဟူ၍ ထိုချိန်နာရီသည် မိမိနှင့် လွန်သွားနိုင်လျှင်လွန်သွားပါမည် အကြောင်း ဆုတောင်းတော်မူသည်။ (ရှင်မာကု ၁၄း ၃၅-၃၆) ကိုယ်တော်သည် ဂေသရေမန်ဥယျာဉ်သို့ ရောက်လျှင် **"အဗ္ဗအဘ"** ဟု ဆုတောင်းတော်မူ၏။ **"အဗ္ဗအဘ"** ဟု ကိုယ်တော်၏ ဆုတောင်းခြင်းသည် ဘုရားသခင်သည် လူအသီးသီးတို့အား ယုံကြည်ခြင်းကို ဝေပေးတော်မူမည့်အခွင့်ဖြစ်သည်။ လူသားအားလုံးသည် ထာဝရအသက်တာရရှိနိုင်ဖို့ ကိုယ်တော်သည် ဤခွက်ကို ရင်ဆိုင်ခဲ့သည်။ ထို့ကြောင့် သင်တို့သည် ဇာတိပကတိအတိုင်း အသက်ရှင်လျှင် သေ ရကြမည်။ ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏ အကျင့်တို့ကို သေစေလျှင် အသက်ရှင်ကြလိမ့်မည်။ ဘုရားသခင်၏ ဝိညာဉ်တော်ဆုံးမပဲ့ပြင်တော်မူသမျှသော သူတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။ သင်သည် **"အဗ္ဗအဘ"** ဟု ငိုကြွေးဟော်ဟစ်သောအခါ ကြီးမားသော လေဟာနယ်ပြင်ထဲမှ အလွန်ပေါများသော ဘုရားသခင်၏ ကောင်းကြီး ရရှိမည်ဖြစ်သည်။ ငါတို့အပေါ် ထွန်းလတ္တံ့သော ဘုန်းကို ထောက်သော် ယခုမျက်မှောက်ကာလ၌ ခံရသော ဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်ဟု ခွန်အားပေးလေ၏။ သားမှန်လျှင် အမွေခံ ဘုရားသခင်၏ အမွေခံ ဖြစ်ကြသည်။ ခရစ်တော်နှင့်အတူ ဘုန်းဝေစားမည်အကြောင်း ထိုသခင်နှင့်အတူ ဆင်းရဲဒုက္ခကို ခံရလျှင် အမွေခံလည်း ဖြစ်ကြမည်။

စစ်မှန်သော သမ္မာတရား၏ ဝိညာဉ်တော်သည် ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်၏။ သားဖြစ်ခြင်း၏ ဝိညာဉ်တော်သည် သမ္မာတရား၏ ဝိညာဉ်တော်ဖြစ်၏။ သမ္မာတရားကို ကျင့်သောသူမူကား မိမိအကျင့်တို့သည် ဘုရားသခင်၏ အလိုတော်နှင့် ညီသည်ကို ထင်ရှားစေသည်။ သမ္မာတရားသိဖို့အလို့ငှါ သင်သည် စုံစမ်းခြင်း၊ နှောင့်ယှက်ခြင်းများကို ရင်ဆိုင်ရမည်ဖြစ်သည်။ အင်္ဂလန်နိုင်ငံနှင့် အခြားသောနိုင်ငံအသီးသီး၌ အမြဲဟောပြောသောအရာသည် နိုးထမှုမရှိသော အသင်းတော် (သို့) အဖွဲ့အစည်းသည် သေသောအသင်းတော် အဖွဲ့အစည်းဖြစ်သည်။

ချာလ်ဖင်းနီသည် သူ၏ လုပ်ဖော်ကိုင်ဖက် စီးပွားရေးသမားအကြောင်းပြောခဲ့သည်မှာ သူသည် အလုပ်မှ ဆင်းလာပြီးနောက် ဆုတောင်းခန်းသို့ ဝင်လာပြီး ဆုတောင်းခဲ့သည်။ ဆုတောင်းဝိညာဉ်ရှိသည့်အကြောင်း ဘုရားသခင်ကို အကြွင်းမဲ့ယုံကြည်ကိုးစားသောကြောင့် ဖြစ်သည်။

ထိုမှတပါး ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည် မစတော်မူ၏။ စိတ်နှလုံးကို စစ်တော်မူသော သူသည်လည်း ဝိညာဉ်တော်၏ စိတ်သဘောကို သိတော်မူ၏။ အကြောင်းမူကား ဝိညာဉ်တော်သည် သန့်ရှင်းသူတို့၏ ဆုတောင်းခြင်းအမှုကို ဘုရားသခင်၏ အလိုတော်နှင့်အညီ စောင့်မတော်မူ၏။

–ယောရှု ဒံယေလ
N. Daniel

## "အသက်တာပြန်လည်စမ်းစစ်ခြင်း"

သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကို ငါမြင်၏။ စာစောင်များကို ဖွင့်ထား၏ အသက်စာစောင်တည်းဟူသော အခြားတပါးသော စာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ ရေးသားချက်များနှင့် အလိုတော်နှင့်အညီ တရားစီရင်ခြင်းကို ခံကြ၏။ (ဗျာဒိတ် ၂၀း ၁၂)

## "ကြောက်ရွံ့ခြင်းနှင့်တုန်လှုပ်ခြင်း"
## (Fearing and Trembling)

"ကြောက်ရွံ့သောစိတ်နှင့် ထာဝရဘုရား၏ အမှုတော်ကို ထမ်းရွက်၍ တုန်လှုပ်ခြင်းနှင့် ဝမ်းမြောက်ကြလော့" (ဆာလံ ၂း၁၁)

အဘယ်ကြောင့် တုန်လှုပ်နေသနည်း?ကောင်းကင်ဘုံ၌ ရှိတော်မူသော အာဏာတန်းခိုးနှင့် ပြည့်စုံသော ဘုရားသခင်၏ အမှုတော်ကို ထမ်းရွက်ကြသူများဖြစ်သည်။ ကြောက်ရွံ့သောစိတ်နှင့် ထာဝါရဘုရား၏ အမှုတော်ကို ထမ်းရွက်ကြလော့ အကြောင်းမူကား ထာဝရဘုရားသည် ကြီးမားသောအကြံအစည်ရှိ၏။ ကြောက်ရွံ့ခြင်းနှင့် တုန်လှုပ်ခြင်းအားဖြင့် ဘုရားသခင်၏ အမှုတော်ကို ရဲရင့်စွာထမ်းရွက်ကြလော့။ ဘုရားသခင်သည် သင့်ကိုဘယ်လိုအသုံးပြုမလဲ? ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏အမွေဥစ္စာတို့ငါပေးမည်။ မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သောအခွင့်ကိုလည်း ငါပေးမည်။ သင်သည်သူတို့ကို သံလှံတံနှင့် အုပ်စိုး၍ မြေအိုးကို ခွဲဖျက်သကဲ့သို့ ခွဲဖျက်လိမ့်မည်ဟု ငါ့အား မိန့်တော်မူပြီး။ (ဆာလံ ၂း ၈–၉)

မောရှေအား ထာဝရဘုရားက သင်သည် ဣသရေလ အမျိုးသားပရိသတ်အပေါင်းတို့အား ဆင့်ဆိုရမည်မှာ သင်တို့၏ ဘုရားသခင်ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့် သင်တို့လည်း သန့်ရှင်းခြင်းရှိကြလော့။(ဝတ်ပြုရာ ၁၉း၂) မောရှေသည် တန်ခိုးကြီးသော ဘုရား၏ လက်တော်အောက်၌ နှိမ့်ချသောအခါ ကာလချိန်တန်လျှင် ဘုရားသခင်သည် မောရှေကို ချီးမြောက်တော်မူသည်။ ထို့ကြောင့် သင်တို့သည် သတိနှင့် ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်းခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြပါ။ နှိမ့်ချသော အသက်တာနဲ့ တန်ခိုးကြီးသော ဘုရား၏ လက်အောက်၌ အသက်ရှင်လျှင် ကာလအချိန်တန်လျှင် ဘုရားသခင်သည် သင့်ကို ချီးမြောက်တော်မူမည်။

"သင်၏ညီအစ်ကိုကို စိတ်အခုအခံမရှိရဘူး။ ကိုယ်နှင့်စပ်ဆိုင်သောသူ၌ရှိသော အပြစ်ကို တတ်တိုင်းမရှိစေဘဲ သူ့ကို အမှန်ဆုံးမရမည်။ (ဝတ်ပြုရာ ၁၉း၁၇)အမျိုးသားချင်းသည် သင့်ကို ပြစ်မှားလျှင် ကိုယ်တိုင်အပြစ်ပြန်၍ မတုံ့ပြန်ရ။ အငြိုးမထားရ။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်။ အသက်ကြီးသောသူရှေ့မှာ ထရမည်။ အသက်ကြီးသောသူ၏ မျက်နှာကို ရိုသေရမည်။ ဘုရားသခင်ကို ကြောက်ရွံ့ရမည်။ ဘုရားသခင်၏ စီရင်ထုံးဖွဲ့ချက်အလုံးစုံတို့ကို စောင့်ရှောက်ရကြမည်။ ထာဝရဘုရားသခင်သည် သန့်ရှင်းသောကြောင့် ငါတို့သည်လည်း သန့်ရှင်းရှိကြလော့။ ထိုသို့သင်တို့သည် သားဖြစ်သောကြောင့် **အဗ္ဗအဘ**ဟု ခေါ်တက်သော သားတော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင်စေလွှတ်တော်မူ၏။ (ဂကတိ ၄း၆)။ သို့ဖြစ်၍ သင်တို့သည် နောက်တဖန် အစေအပါကျွန်မဖြစ်၊ သားပင်ဖြစ်ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏ အမွေခံလည်းဖြစ်ကြ၏။ ဘုရားသခင်သည် သင့်အတွက် အကောင်းဆုံးပြင်ဆင်လိမ့်မည်။ ကြောက်ရွံ့သောစိတ်နှင့် ထာဝရဘုရား၏ အမှုတော်ကို ထမ်းရွက်ကြလော့။ ဘုရားသခင်သည် အာဏာတန်ခိုးကြီးမားသော ဘုရားသခင်ဖြစ်၏။

– အဲန် ဒံယေလ

## “ဝီလိုင်(မ်)ဟန့်တာ”
## (**William Hunter**)

၁၅၅၅ခုနှစ် မတ်လ ၂၆မှာ ဘုရားသခင်အသုံးပြုခဲ့သည့် ဝီလိုင်(မ်)ဟန့်တာသည် အသက် ၁၉နှစ်အရွယ်မှာ အာဇာနည်ဖြင့် သေဆုံးခဲ့သည်။ သူ၏ပုံပြင်အကြောင်းအရာသည် ဤနေ့ဤအချိန်ထိ ခရစ်ယာန်အားလုံး၏ ပုံဥပမာပင်ဖြစ်သည်။ အင်္ဂလန်နိုင်ငံကို ဘုရင်မမေရီအုပ်စိုးသည့်အချိန်၌ သူသည် အင်္ဂလန်မှာနေခဲ့သည်။ တနေ့၌ သူသည် ဘုရားရှိခိုးကျောင်းသွားပြီး ကျမ်းစာကိုကြည့်ရှုဖတ်ရှုက်ခဲ့သည်။ သူဘုရားကျောင်းထဲတွင် ကျမ်းစာကြည့်ရှုဖတ်ရှုက်စဉ် သူ၏ဖခင် အဲ့ဝဲ(လ်)သည် ဘုရားကျောင်းထဲဝင်လာပြီး ကြားဖြတ်စကားပြောဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဝီလိုင်(မ်)၏ ဖခင်သည် ကျမ်းစာကို မတွေ့ဖူး။ မဖတ်ဖူးသောကြောင့်ဖြစ်သည်။ ဝီလိုင်(မ်)သည် ကျမ်းစာကို မဖတ်မရှုတ်ပဲမနေ၊ နေ့ညမပြတ်ကြည့်ရှုဖတ်ရှုက်သူဖြစ်သည်။ ထို့ကြောင့်သူသည် အားယူ၍ ရဲရင့်ခြင်းရှိသောသူဖြစ်ပြီး သူသွားလေရာရာ၌ ဘုရားသခင်ကို အားကိုးယုံကြည်သူဖြစ်သည်။

ဝီလိုင်(မ်)သည် ကြောက်ရွံ့သောစိတ်နှင့် ထာဝရဘုရား၏ အမှုတော်ကို ထမ်းရွက်ခဲ့သည်။ အင်္ဂလန်နိုင်ငံအသီးသီး၌ ဘုရားသခင်၏ အမှုတော်ထမ်းရွက်နေစဉ် အစိုးရထံမှ ပဋ္ဌင်းတက်ပေးခြင်းမရှိသောသူသည် အမှုတော်ထမ်းရွက်ခွင့်မပြုဟု ဥပဒေအသစ်ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ဝီလိုင်(မ်)သည် အဖမ်းခံပြီး အင်္ဂလန်နိုင်ငံလောင်ဒေါ(န်)မြို့၌ ထောင်ကျခံသည်။ စစ်သူကြီးမှာထားသည့်အတိုင်း မီးရှို့ပစ်၍ ရဲမက်တို့က ဝီလိုင်(မ်)ကို ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။ ဝီလိုင်(မ်)သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်သဖြင့် ကောင်းကင်သို့ စေ့စေ့ကြည့်မျှော်၍ ဘုရားသခင်၏ ဘုန်းတော်ကိုမြင်သည်။ ဒူးထောက်လျက် သခင် ဤသူတို့ပြုသော ဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနဲ့ဟု ကြီးသောအသံနှင့် ကြွေးကြော်ပြီးမှ ကျိန်းဆက်လေ၏။ သူတို့ကွပ်မျက်သောအမှုကို ဝီလိုင်(မ်)သည်လည်း ဝန်ခံလျှက်ရှိသည်။

## “လူအပေါင်းတို့အတွက် တယောက်သောသူသေဆုံး”
## (One Die For All)

ကြီးမားရှည်လျားသော မြစ်အပေါ်တွင် ပေ ၂၀၀ခန့်လောက်ရှည်သော တံတားရှိသည်။ မြစ်ကမ်းတဖက်မှ တဖက်သို့ ခရီးသည်တင်သင်္ဘောများဖြတ်ကျော်သွားလေ့ရှိသည်။ ဤမြစ်အပေါ်တွင်ရှိသော တံတားသည်လည်း ခရီးသည်တင်ရထား နေ့စဉ်နေ့တိုင်း ဖြတ်သန်းသွားသည်။ ဤတံတားစောင့်သူသည် နေ့တိုင်းခရီးသည်တင် ရထား အသွားအလာရထားကို စောင့်မျှော်နေသည်။ ရထားသည် အချိန်မှီ မလာနိုင်သည့်အခါ ဤတံတားကို ထိန်းချုပ်သော စက်ကို သော့ခလောက်ဖြင့်ခတ်ထားသည်။ ခရီးသည်များတင်ထားသော ရထားသည်လည်း ဤတံတားဆိုက်ရောက်ရှိလာဖို့ အချိန်တဖြည်းဖြည်းနဲ့ နီးလာပြီ။ ရထားမီးလဲ မလင်းတလင်းနဲ့ အဝေးကနေ လှမ်းမြင်နေရသည်။ ဤရထားရောက်ရှိလာဖို့ အချိန်နီးကပ်သည့်အခါ တံတားစောင့်သူ၏သားသည် သော့ခလောက်ကိုဖွင့်ပြီး စက်နိုးဖို့ဖြတ်သွားသည်။ သော့ခလောက်ကိုမဖွင့်ပဲ စက်မနိုးလျှင်ရထားပေါ်မှာရှိသော ခရီးသည်များအားလုံး သေဆုံးသွားမှာဖြစ်သည်။ အသက် ၅နှစ်လောက်ရှိသော ကလေးငယ်သည် ရထားပေါ်၌ ခရီးသည်အားလုံး၏ အသက်ကယ်နိုင်ဖို့ သူ၏အသက်ကို စွန့်လွှတ်ဖို့ ရည်ရွယ်ချက်ရှိသည်။ ထို့ကြောင့် တံတားကိုထိန်းချုပ်သော သော့ခလောက်ကို သွားဖွင့်ပြီး စက်နိုးခဲ့သည်။ ပြန်လှည့်ဖို့နည်းလမ်းမရှိတော့ပါ။ ရထားပေါ်၌ ခရီးသည်အားလုံး အသက်ကယ်နိုင်ဖို့ ဤကလေးငယ်သည် သူ၏ အသက်ပေးဆပ်ခဲ့သည်။

## “ထာဝရဘုရားသည် အချိန်တိုင်း ကောင်းမြတ်တော်မူ၏”
## (God is Good all the time)

ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားသော ဂျော်န်သည် ထာဝရဘုရားသည် အချိန်တိုင်း ကောင်းမြတ်တော်မူ၏ဟု လမ်းလျှောက်ရင်း ပြောဆိုလေ၏။ အချိန်တိုင်း၊ နေရာတိုင်း ဘယ်အခြေအနေပဲရောက်ရောက် ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏ဟု ပြောလေ၏။

ဂျော်(န်)သည်

း အိမ်ထောင်ပြုသည့်အခါ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏ဟု ပြောလေ၏။

း သူသည် အလုပ်မှ မောင်းထုတ်ခံသည့်အခါ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏ဟု ပြောလေ၏။

း ဖခင်သေဆုံးသည့်အခါ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏ဟု ပြောလေ၏။

း ပိုက်ဆံအိတ်အနိုက်ခံသည့်အခါ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏ဟု ပြောလေ၏။

တစ်နှစ်ခန့်ကြာလာသည့်အခါ ဂျော်(န်)သည် ကင်ဆာရောဂါနှင့် ဝေဒနာခံစားနေသည်။ သူ၏ ရောဂါသည် လျှင်မြန်စွာပြန်နှံ့ပြင်းထန်လာပြီး အချိန်အနည်းငယ်တွင် သေဆုံးမည်ဖြစ်ကြောင်း ဆရာဝန်ကပြောလေသည်။ ဤနောက်ဆုံးအချိန်တောင်မှ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏ဟုပြောလေ၏။ ဂျော်(န်)သည် ဤကဲ့သို့ရွတ်ဆိုလေ၏။ ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည် အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ကိုယ်တော်ကို ခိုလှုံသောသူတို့ကို သိမှတ်တော်မူ၏။

Please Pass This On To a Friend

Please visit our website at www.lefe.org